# နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ (အရှင်ဇဝန-ကုန်းဇောင်း)



နှစ်ဟောင်းကုန် နှစ်သစ်ကူး ၂၀၁၂ - နှစ်ဦးသို့ရောက်ခဲ့ပါပြီ။ ကမ္ဘာသူကမ္ဘာသားအပေါင်း နှစ်သစ်မှာကြည်နူးချမ်းမြေ့ခြင်းများစွာနှင့်အောင်မြင်ချမ်းသာပါစေ။

ကျေးဇူးတော်အစုံ ဂုဏ်တော် အနန္တတို့နှင့် ပြည့်စုံတော်မူသောဗုဒ္ဓဘုရားရှင်၏ ကြီးမားမြင့်မြတ်တော်မူသော မေတ္တာကရုဏာစွမ်းအားကြောင့်ကမ္ဘာသူ ကမ္ဘာသားအပေါင်းအန္တရာယ်ခပ်သိမ်း၊ဘေးရန်ခပ်သိမ်းကင်းငြိမ်းပြီးချမ်းမြေ့ပျော်ရွှင်ပါစေ။

သဘာဝဘေး အန္တရာယ်ဆိုးများ၊ ကပ်ရောဂါဆိုးများကင်းဝေးပြီးပျော်ရွှင်ကြည်နူးကြပါစေ။နိကာယ်ငါးရပ်ပိဋကတ်သုံးပုံ တရားတော်မြတ်တို့၏ တန်ခိုးရှိန်စော် အာနုဘော်တော်ကြောင့် ကမ္ဘာသူကမ္ဘာသားအပေါင်း ကိုယ်စိတ် နှစ်ဖြာ ဘယာမသန်း ရွှင်ကြည်ချမ်းမြ သိန်းသန်းကျက်သရေထွန်းပထေါပါစေ။

သတ္တဂါါအနန္တအပေါ်မှာ အညီအမျှ ချစ်ခြင်းမေတ္တာတရား ကြီးမားမြင့်မြတ် ပရမတ္ထသံဃာ၊ သမုတိသံဃာတော်အပေါင်းတို့၏သီလ သမာဓိ ပညာသိက္ခာသုံးပါး မြတ်တရားတို့၏တန်ခိုး ရှိန်စော် အာနုဘော်ထော်ကြောင့် ကမ္ဘာသူ ကမ္ဘာသား သတ္တဝါအပေါင်း အသက်ရှည်ရာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းကျိုးချမ်းသာ မင်္ဂလာအပေါင်းတို့ နှင့် ပြည့်စုံပါစေဟု နှုတ်ခွန်းဆက်သ မေတ္တာပို့သအပ်ပါသည်။

အတုမရှိမြင့်မြတ်သော မြတ်ဗုဒ္ဓ၏ တပည့်သား ဗုဒ္ဓဘာသာဝင်များ၏ သစ္စာ မေတ္တာစွမ်းအားကြောင့် ကမ္ဘာသူ ကမ္ဘာသားအပေါင်းအေးချမ်းသာယာပျော်ရွှင်ကြည်နူးချမ်းမြေ့ကြပါစေ။ အရှင်ဇဝန(က-ဇ)။